


# ၁၀ အရောင်

ရသ စာစုများ

မောင်ပိုင်

အမှာစာ

**(၁)**

ကျွန်တော်လည်း စာတွေဖတ်ဖြစ်ခဲ့သည်။ မိတ်ဆွေတို့လည်း ဖတ်ကြပါလိမ့် မည်။ တစ်ခါ တစ်ခါ စာတွေသည် စားစရာများနှင့်လည်း တူတတ်ကြလေသည်။

အိပ်ချင်ပြေ ခံတွင်းတွေ့တတ်သော အချဉ်ထုပ်၊ ဆီးထုပ်လို စာတွေရှိသည်။ တွေးရုံနှင့် ပါးစောင်က သွားရည်တွေ ကျလာတတ်သည်။ တချို့ကတော့ ရေခဲမုန့်လို အေးလည်းအေး၊ ချိုလည်းချို နှစ်လိုစရာအတိ။ များများတော့ စားလို့မရတတ်ကြပေ။ များများ စားလို့ရပြီး ဈေးလည်းကြီးသည့် တရုတ်ဟင်းပွဲလိုစာတွေလည်း ရှိသေးသည်။ လူကြိုက်လည်း များစည်။ အရက်နှင့်ဘီယာလို စွဲမက်စေကြီး အဆိပ်အတောက်ဘက်ကဲသည့် စာတွေလည်းရှိပြန်သည်။ တချို့ကလည်း စွဲကြသည်။ ဒန်ပေါက်လိုစာတွေလည်း ရှိသေးသည်။ စားကောင်းသ လောက် ပြီးလျှင်အီနေတတ်သည်။

အများစုဖြစ်သော လူတွေကတော့ ထမင်းနှင့်ဟင်းသာ စားကြရမြဲပင်။ ကျွန်တော်တို့က ထမင်းကို မေ့နေတတ်သည်။ ဟင်းကောင်း, မကောင်းကိုသာ ဂရုမူနေမိကြသူများသည်။

ထမင်းညှံ့ညှံ့စားရခါမှ 'ဆန်က ညှံ့လိုက်တာ' ဟု သတိရမိကြသည်။ ဟင်းကောင်းသော် လည်း ထမင်းညှံ့နေလျှင် စားမမြိန်တော့ပေး ကျွန်တော်တို့ဗျူက်ထဲ တကယ်ဖြည့်ခဲ့သမျှ အစာ များတွင်လည်း ထမင်းကသာ ပမာဏ အများဆုံးဖြစ်ခဲ့သည်။ ကျွန်တော်တို့က မေ့လျော့ခဲ့ကြ သော်လည်း

ကျွန်တော်တို့ရဲ့ အဓိကအာဟာရမှာ ထမင်းဖြစ်ကြောင်း ငြင်းရန်လည်း မလိုပေ။ ဟင်းကောင်းကျွေးကောင်းလေးများကို ကျွန်တော်တို့က မက်စက်ကြသော်လည်း ခန္ဓာကိုယ်အ တွက် လိုအပ်သောစွမ်းအင်ကို ဟင်းများက ပေးနိုင်သည်မဟုတ်။ ထမင်းကသာ ထောက်ပံ့မြဲ ဖြစ်သည်။

ဗိုက်ဖြည့်ပေးသူကလည်း ထမင်းပင်ဖြစ်သည်။ ရေခဲမုန့်နှင့် ဗိုက်မပြည့်ပေ။ အချဉ်ထုပ်၊ ဆီးပေါင်း၊ အမြည်းနှင့်လည်း ဗိုက်ပြည့်ရိုး မရှိမြဲပင်။ ကျွန်တော်တို့က အရေးမထားမိသ လောက် သူက ကျွန်တော်တို့ဗိုက်များကို အမြဲဖြည့်ပေးနေခဲ့သည်။

ထမင်းမှာ အဆိပ်အတောက်လည်း မရှိချေ။ ဘာနှင့်မဆိုတည့်သည်။ အားလုံးနှင့်တွဲ စားနိုင်သည်။ သူနှင့်တွဲသမျှကို အရသာကဲအောင် သူက အမြဲတစ်ဆင့်နိမ့်လို ဖြစ်နေတတ် သည်။

ထမင်းပူပူကောင်းကောင်းလေးမှာ ဆီလေးဆားလေးနှင့်တောင် မြိန်စေတတ်သည် မ ဟုတ်ပါလား။

## (၂)

ဆရာပိုင်နှင့် ကျွန်တော်မှာ စာဖတ်ကြ၊ စာရေးကြနှင့် 'စာ' ဆိုသည့်အထဲ ဝါသ နာတူချင်း တွဲမိကြသူများဖြစ်သည်။ အွန်လိုင်းပေါ်မှ မိတ်ဆွေများဖြစ်သည်။ အနေဝေးကြသည်။ နီးသောအရာတွေလည်း များစွာရှိသည်။

သူူက ကျွန်တော်မိတ်ဆွေ ဖြစ်သည်။ ကျွန်တော်ခင်မင်သော ဆရာပိုင်မှာကား သူဌေးကြီးမဟုတ်၊ ဆင်းရဲသားမဟုတ်၊ အကောင်ကြီးအမြီးရှည်မဟုတ်၊ သူတော်စင်မဟုတ်၊ စစ်သားမ ဟုတ်၊ အညတရမဟုတ်၊ သူတော်စင်မဟုတ်၊ လူဆိုးမဟုတ်၊ စစ်သားမဟုတ်၊ အရပ်သားမ ဟုတ်၊ လူချောမဟုတ်၊ အကျည်းတန်မဟုတ်။

စာရေးတတ် စာဖတ်တတ်သော အွန်လိုင်းပေါ်မှ ကျွန်တော့်မိတ်ဆွေ

'မောင်ပိုင်'သာ ဖြစ်ပါသည်။

သူက ထမင်းနှင့်တူသော စာတွေကို ရေးတတ်သည်။

**(ယက္ခ) ရဲကြီး**

**မတ်လ ၂၄၊ ၂၀၁၄**

*

ဆာ

**(၁)**

“မိန်းမရေ. . . ဗိုက်ဆာနေပြီဟ၊ ထမင်းခူးတော့”

“ဘယ်လိုဖြစ်လာတာလဲ၊ ခုမှ အပြင်ကပြန်တာတယ်။ ခု ထမင်းဆာတယ်၊ မပြော လိုက်ချင်ဘူး။ တစ်နေကုန်တော့ လျှောက်သွားပြီး အိမ်ပြန်ရောက်တာနဲ့ ထမင်းစားမယ်ဆိုတာပဲ”

ကျွန်တော်လည်း ဗိုက်ကဆာ၊ နားကပူလာတော့ မီးဖိုခန်းထဲဝင်ပြီး ထမင်းခူးလိုက်သည် ဟင်းတွေက ခူးခပ်ပြီးသားဆိုတော့ ထမင်းဝိုင်းမှာ အဆင်သင့်ထိုင်စားလိုက်သည်။

မိန်းမဖြစ်သူက ဘေးနားလာထိုင်သည်။ အင်း . . .တစ်ခုခုတော့ ပြောတော့မည်။

“ယောက်ျား”

ကျွန်တော် ပြန်မထူး

“ယောက်ျား . . .ကျွန်မလေ ဟိုဘက်အိမ်ကညီမကဂမ်းဆက်လေး လာရောင်းလို့ ဝယ် ထားလိုက်တာ၊ ရဂဂဂတဲ့၊ ပြီးတော့ . . ”

“ကဲ . . .ရပြီ ရပြီ၊ ပိုက်ဆံရှိသေးတယ်မဟုတ်လား၊ မရှိတော့ ရင်လည်း ချန်ထားတဲ့ အထဲက သုံးလိုက်”

ကျွန်တော်လည်း စကားစဖြတ်ပြီး လက်ဆေးလိုက်သည်။ ကျွန်တော်အကျင့်က နား အေးပါးအေးနေချင်သည်။ လုပ်စရာရှိရင်

ထ,လုပ်လိုက်သည်။ ကျန်တဲ့အချိန်မှာတော့ စာအုပ် လေးဖတ်၊ စာလေးရေးပြီးနေသည်။ မိန်းမဖြစ်သူကတော့ တစာစာ။

## (၂)

ဘုရားလောင်းရသေ့မြတ်သည် စျာန်အဘိညာဉ်ဖြင့် နန်းတော်သို့ ကြွလာပါသည်။

အဲလိုကြွလာပြီး နန်းတော်ကြီးကိုရောက်တော်မူခိုက်မှာ မုဒုလက္ခဏာ မိဖုရားက လေသာပြတင်းဘေးမှာ ရှိနေသည်။ ရသေ့မြတ် ဝင်လာတာမြင်တော့ ကပျာကယာ ထလိုက် သည်။ ဒီလိုထလိုက်ချိန်မှာ မိဖုရား၏ ကိုယ်ဝတ်ရုံဟာ လျှောကျသွားတော့သည်။

ရသေ့မြတ်ဟာ ဝိသဘာဂအာရုံကိုမြင်သွားတယ်ဆိုရင်ပဲ စိတ်တွေဖောက်ပြန်သွားပါတော့ သည်။

“တစ်နေ့တည်းတွင် ဆယ်နည်းမက ကြည့်တိုင်းလှဆိုသည့် မုဒုလက္ခဏာအာရုံက ရသေ့မြတ်စိတ်ကို ဆာလောင်စေခဲ့ပါသည်။”

ထို့အတူ“ညှိုးလျှလျှ၊ တ တ လွမ်းလွမ်း၊ တအောက်မေ့မေ့၊ ပြည်ထဲရေးနဲ့၊ ဂမ်းရေးတို့ ထက်၊ လွမ်းရေးခက်” ဆိုတာမျိုးဖြစ်ခဲ့တဲ့ သိဝိမင်းကြီးဟာ ဥမ္မာဒန္တီမင်းသမီးရဲ့ အဆင်းအာရုံ ကြောင့် စိတ်တွေ ဆာလောင်ခဲ့စေပြန်ပါသည်။

တိုက်ပွဲတွေကို တိုက်ခိုက်အောင်မြင်နိုင်ခဲ့တဲ့ ဆီဇာဘုရင်ကြီးဟာ ကလီယိုပါတရာရဲ့ ရုပါရုံညွတ်ကွင်းမှာ အချစ်စိတ်တွေနှင့် ပြိုလဲခဲ့ရသည်။

ထိုနည်းတူ သူသတ်ကုန်းသို့ သတ်ဖို့ဖမ်းဆီးခေါ်ဆောင်လာသည့် သူခိုးကိုမှ ဘုရင့်သမီး ပျိုက ချစ်ကြိုက်မိလို့ သူခိုးဓားရိုးကမ်းသည့် အဖြစ်မျိုးတွေ ဖြစ်ခဲ့ရပြန်ပါသည်။

အချစ်စိတ်ကြောင့်လည်း လူသားတွေ ဆာလောင်ခဲ့ကြသည်။

“အစွယ်လိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်းဧကရာဇ်” ဆိုသည့် ဆဒ္ဒန်ဆင်မင်းဝတ္ထုကို ကျွန်တော်တို့ မမေ့နိုင်ခဲ့ပါ။ သုဘဒ္ဒါ၏ အမုန်းကြောင့် ဖြစ်မည်ထင်ပါသည်။

လူတွေကတော့ အချစ်တွေကြောင့် အမုန်းတွေကြောင့် စိတ်တွေ၏ ဆာလောင်မှုဟာ ခရီးမဆုံးနိုင်ဖြစ်ခဲ့ကြပါသည်။

## (၃)

(The world is food enough for all but is not for one's desire.)

ကမ္ဘာလောကကြီးဟာ သက်ရှိသတ္တဝါအားလုံးအတွက် ပြည့်စုံလုံလောက်ပေမယ့် လူ တစ်ယောက်၏ ဆန္ဒ (လောဘ) ကိုတော့ ပြည့်အောင် ဖြည့်ဆည်းမပေးနိုင်ပါဘူး။

မိုးလင်းကနေ မိုးချုပ် ရှာလိုက်ကြတာ။ လောဘတွေက မိုးထိအောင် လောင်နေကြတာ ဝမ်းရေးအတွက် ဆာသည်၊ ပစ္စည်းဥစ္စာအတွက် ဆာသည်၊ ရာထူးဂုဏ်မာနအတွက်ဆာသည်၊ ဒေါသစိတ်တွေ ဆာလောင်နေသည်။

ဩော်. . .ပုထုဇဉ်လူသားတွေအဖို့ ဆာလောင်ခြင်းတွေက များလွန်းလှပါတကား။

## (၄)

သတင်းတွေက တောက်လျှောက်တက်လာတယ်။ ဖုံးပေါက်ကွဲတဲ့ သတင်းတွေ၊ စစ်ဖြစ် နေသည့် သတင်းတွေ၊ လူတွေက လက်နက်တွေဖြင့် စစ်မက်အတွက် ဆာလောင်နေကြပြန်ပြီ။ သွေးတွေ ဆူနေကျပြန်ပြီ။ ထို့အတူ တစ်ချိန်က ဟီရိုရှီးမားကို ဘယ်သူမှ မေ့မည်မထင်ပါ။ ဟီရိုရှီးမားဆိုသည်နှင့် အနုမြူဗုံးကို မြင်လိုက်ကြတာပါပဲ။

စိတ်ဆုံးဖြတ်ချက်တစ်ခု၊ ဗုံးတစ်လုံးကြောင့် သေကျေလိုက်ရသည့် လူ၊

ပစ္စည်းဥစ္စာတွေ က သမိုင်းမှာ အနိုင်ရလိုစိတ် တစ်ခုထက်မကခဲ့ပါဘူး။ ခြသေ့ံတစ်ကောင်ဖြစ်ဖြစ်၊ သားရဲတစ် ကောင်ဖြစ်ဖြစ် သူ့ဆာလောင်မှုအတွက် အကောင်ငယ်တွေကို သတ်ဖြစ်စားသောက်သည်။

သို့သော် တစ်ကောင်ကို သတ်ဖြတ်စားသောက်ပြီးလို့ သူ့ဆာလောင်ခြင်းပြေပျောက် သွားလျှင် နောက်တစ်ကောင်ကို ရန်မမူတော့ဘူး။

အသိဉာဏ်ရှိပါတယ်ဆိုတဲ့ လူသားတွေကတော့ စိတ်ရဲ့ဆာလောင်မှုကြောင့် အပြစ်ရှိသူ၊ အပြစ်မဲ့သူတွေကိုပါ အကြောင်းမဲ့ သတ်ဖြတ်သည်။ လုပ်ကြံသည်။ လူတွေ၏ ဆာလောင်မှု ကြောင့် ကမ္ဘာကြီးလည်း ပူလောင်နေပါပြီ။

**(၅)**

ဝေဒနာ ပစ္စယာ တဏှာတဲ့။ ဝေဒနာခံစားမှုလေးတွေကို ကျွန်တော်တို့ ဖြစ်ပျက်မရှုနိုင် ဘူး။ ခံစားမှုကို ရပ်တန့်မသွားနိုင်ကြဘူး။ ဒီတော့ တဏှာဆိုသည့် ဆာလောင်ခြင်းတွေက ဖြစ်လာတော့သည်။ အဲဒီ အခါ သံသရာကြီးထဲမှာ တဏှာ၊ ပစ္စယာ၊ ဥပါဒါန်ဆိုပြီး ဆာလောင် ခြင်းကြောင့် အစွဲတွေနှင့် သံသရာလည်ပြန်တော့သည်။

မြတ်စွာဘုရားရှင်က ယာယံတဏှာ=အကြင်ဆာလောင်မှု တဏှာသည်၊ ပေါနောဘဝိ ကာ=တစ်ဖန် ဘဝသစ်ကိုဖြစ်စေတတ်၏ တဲ့။

ဘဝအသစ် ဘဝအသစ်တွေက ဘယ်တော့မှ ကျွန်တော်တို့ သံသရာကနေ ပြီးဆုံး အောင် လုပ်နိုင်မှာ မဟုတ်တော့ပါဘူး

ကျွန်တော် ဘယ်အချိန်ကတည်းက အတွေးတွေဝင်သွားတယ် မသိဘူး။ ဖုန်းမြည်သံ ကြောင့် ကုလားထိုင်နေရာက စားပွဲဆီ လျှောက်လှမ်းခဲ့သည်။

ကျွန်တော်ဖုန်းပြောပြီး ဖုန်းလေးကိုကြည့်မိတော့ ဖုန်းက ဟောင်းနေပြီ။

Update မဖြစ်၊ Version ကနိမ့်တော့ အချို့ Software တွေက တင်မရဖြစ်နေသည်။

ဟုတ်တယ်။ တစ်နေ့ပြီးတစ်နေ့ အသစ်တွေ ပေါ်လာနေတာ ဖုန်းအဟောင်းကို စွန့်၊ ဖုန်းအသစ်ဝယ်မှ ဖြစ်တော့မည်။

ဒီတစ်ခါတော့ မိန်းမဖြစ်သူကို ကျွန်တော်စကားစ-ပြောမိသည်။

“မိန်းမရေ. . .ဖုန်းက ခလုတ်တွေကလည်း အဆင်မပြေတော့ဘူးကွ၊ ကင်မရာအရည် အသွေးကလည်း နိမ့်နေပြီ။ ပြီးတော့အင်တာနက်လည်း သုံးမရဘူး။ ဒီတော့ ဖုန်းအသစ်တစ် လုံးလောက် ထပ်ဝယ်ရအောင်ကွာ”

“ရှင်ဟာလေ. . .သူများ အဝတ်အစားဝယ်တာပြောတော့ စိတ်မပါသလို ပါသလိုနဲ့၊ သူ အင်တာနက်သုံးရအောင်ဝယ်ချင်တာများ မသိတာကျနေတာပဲ”

မိန်းမဖြစ်သူက သူ့အလုပ် သူလုပ်ရင်း ကျွန်တော့်ကို ဆက်ပြောသည်။

“ဟွန်း . . အိမ်ပြန်လာတော့ ဗိုက်ဆာတယ်၊ ခု စာဖတ်ပြီး ထလာတော့ ခေတ်မီနည်း ပညာတွေ ဆာလာပြန်ပြီပေါ့ .. . .ဟုတ်လား”

ဩော် . . . ဆာ . . .ဆာ . . .ဆာ။ ကျွန်တော် ဆာလောင်နေပြန်ပြီလား။

*

# စွန့်လွှတ်သူ နှင့် သိမ်းပိုက်သူ

## (၁)

ကျွန်တော်ဆင်းရမည့် မှတ်တိုင်က ဝေးသေးသည်။ ဒီတော့ ပေပြီး ထိုင်နေလိုက်သည်။

"အဘ. . .လာ လာ၊ ကျွန်တော့်နေရာမှာ ထိုင်လိုက်ပါ"

စကားသံကြား၍ ကြည့်လိုက်တော့ လူငယ်တစ်ဦးက သူ့နေရာကို တက်လာသောအဘ အတွက် ဖယ်ပေးလိုက်ခြင်း ဖြစ်သည်။ အဘဆိုပေမယ့် ကျွန်တော့်အမြင်မှာတော့ သန်သန်မာ မာရှိသေးသည်။

ကျွန်တော့်ခရီးကလည်း နည်းနည်းဝေး၍ ကားစီးရမည်က ကြာဦးမည်ဟု တွေးမိသော ကြောင့် ထ,မပေးဖြစ်လိုက်။ ဒီနေရာလေး ထိုင်ရဖို့ကလည်း မနည်းတွန်းထိုးထားရတာ လေ။ လိုင်းကားစီးရင်တောင် နေတတ်မှ ဖြစ်မှာပေါ့။

ကျွန်တော် မျက်နှာကို တစ်ဖက်သို့ လှည့်နေလိုက်သည်။ စိတ်ထဲမှာတော့ ထပေးလိုက် သည့်လူငယ်ကို မျက်နှာပူသလိုလိုတော့ ရှိလှသည်။

## (၂)

စွန့်လွှတ်သောစိတ်ဆိုသည်မှာ မြင့်မြတ်သောစိတ် ဖြစ်သည်။ လူသားတို့၏ အတွင်းစိတ်သည် ရယူလိုမှု၊ ပိုင်ဆိုင်လိုမှုတို့နှင့် ကြီးစိုးနေတတ်ပါသည်။

ထိုသို့သော ရယူပိုင်ဆိုင်လိုစိတ်များထဲတွင်မှ ရာထူး၊ စည်းစိမ်၊

ဥစ္စာတို့ကို စွန့်လွှတ်ခြင်း မဟုတ်ဘဲ အများအကျိုးကို မျှော်ကိုးပြီး စွန့်လွှတ်သောစိတ်ဓါတ်သည် သူတော်ကောင်းတို့၏ မြင့်မြတ်သောစိတ်ဓါတ်ပင် ဖြစ်သည်။

မြန်မာ့သမိုင်းရာဇဝင်တွင် ဘုရင့်နောင်သည် အပ်နှင်းသော ထီးနန်းကို ငြင်းဆန်ခဲ့သော သူဖြစ်သည်။ တပင်ရွှေထီးသည် ပေါ်တူဂီဘုရင်ကို အထင်ကြီး မြှောက်စားမိရာမှ ထိုသူဆက် သသောအရက်ကို သောက်မိရာ မောင်ကျန်တစ်တို့နှင့် အရက်စွဲကာ ယစ်ထုတ်ကြီးဘဝ ရောက်ရှိရာသည်။

သစ္စာကြီးသော ဘုရင့်နောင်က ဖျောင်းဖျနားချပါသော်လည်း မရတော့။ အရက်ကို သူ မဖြတ်နိုင်တော့ပြီ။ ပေါရိသာဒသည် လူသားကို မစွန့်နိုင်သဖြင့် တိုင်းပြည်ကို စွန့်သလို တပင် ရွှေထီးလည်း အရက်ကိုမစွန့်နိုင်သဖြင့် တိုင်းပြည်ကို စွန့်လေသည်။

ထိုအခါ နန်းတွင်းက မြန်မာ၊ မွန်၊ ရှမ်း မှူးမတ်တွေက ဘုရင့်နောင်ကို လျှောက်ထားကြ သည်မှာ ညီတော်ကို လုံခြုံစွာထား၍ ဘုရင့်နောင်အား ထီးနန်းကို သိမ်းမြန်းပါရန် တောင်းတောင်း ပန်ပန် တိုက်တွန်းလျှောက်ထားကြလေသည်။ သို့သော် ဘုရင့်နောင်က လက်မခံ။ ထီးနှင့်နန်း ကို ငြင်းဆန်လေသည်။

"အစ်ကိုတို့ . . .ကျွန်ုပ်တို့ဟာ သစ္စာစောင့်သိအပ်တယ်၊ သူယုတ်အဖြစ်နဲ့ အနှစ်တစ် ရာ နေရခြင်းအထက် သူတော်အဖြစ်တစ်ရက်နေရတာ က ပိုမြတ်ပါတယ်၊ စိတ်ထဲမှာ ဘာမှမ ထားကြလေနဲ့၊ စားမြဲတိုင်း ရာထူးစည်းစိမ်ကိုသာ စားကြပါလေ" ဟု မိန့်ခဲ့ဖူးပါသည်။

ထို့အတူ သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းကလည်း ငြင်းဆန်ခဲ့ဖူးပါသည်။ အစ္စရေးပြည် စတင်တည်ထောင်တော့ . . .အစ္စရေးပြည်သူတို့က ဂျူးမျိုးနွယ် အိုင်းစတိုင်းကို သမ္မတတင် မြှောက်ကြဖို့ တညီတညွတ်တည်း ဆုံးဖြတ်ကာ အိုင်းစတိုင်းက "ကျွန်ုပ်ဟာ သိပ္ပံပညာနဲ့တော့ နီးစပ်ပါတယ်၊ လူတွေကို

ကိုင်တွယ်စီမံ ခန့်ခွဲလောက်အောင်ထိတော့ ပါရမီမပါပါဘူး၊ သမ္မတ မလုပ်ပါရစေနဲ့ ” ဟု ထီးနှင့်နန်းကို ငြင်းဆန်ခဲ့လေသည်။

မြတ်စွာဘုရားရှင် တေမိမင်းဘဝ ပါရမီဖြည့်ခဲ့စဉ်က ထီးနှင့်နန်းကို ကြောက်ရွံ့သော ကြောင့် ဆယ့်ခြောက်နှစ်လုံးလုံးဆွံ့အ, နားမကြားယောင်ဆောင်ကာ မလှုပ်မယှက်နှင့် အောင့်အည်းသည်းခံကာအဓိဋ္ဌာန်ပါရမီကိုအောင်မြင်ပြီးမြောက်ခဲ့သည်။

## (၃)

သူတော်ကောင်းတို့၏ နှလုံးသားတွင် အများသူငါကို ဘာတွေလုပ်ပေးရမည်လဲ၊ ဘာ တွေဖြည့်ပေးလိုက်ရမည်လဲလို့သာ တွေးနေတတ်သည်။ အများအကျိုး သယ်ပိုးနေရသည်ကိုပင် ထမင်းမေ့၊ ဟင်းမေ့ ဖြစ်နေတတ်သေးသည်။

စွန့်လွှတ်သည့်စိတ်သည် လွတ်လပ်လှပါသည်။ ဘာအနှောင်အဖွဲ့ ဘာအကျိုးမှ မမျှော် ကိုးပါ။

“အကျိုးလိုလို့ ညောင်ရေသွန်းတယ်” ဆိုသည့် စိတ်မျိုးသည် တကယ့်စွန့်လွှတ်သည့် စိတ် မဟုတ်ပါ။

မြတ်စွာဘုရားရှင်ဟာ ပါရမီဖြည့်ခဲ့စဉ်က ခြေလက်အင်္ဂါတွေ စွန့်တယ်၊ သားမယားစွန့် သည်၊ ထီးနန်းစွန့်သည်၊ ပစ္စည်းဥစ္စာတွေကို စွန့်လွှတ်ခဲ့ပါသည်။ စွန့်လွှတ်သူတွေ၏ စိတ်သည် ကြီးကျယ်မြင့်မြတ်လှပါပေသည်။

## (၄)

စွန့်လွှတ်သူတွေဟာ လောကကြီးကို အလှဆင်သူတွေဖြစ်သလို လောကကြီးကို အရုပ် ဆိုးစေတာကတော့ အတ္တသမားတွေ၊ ကိုယ်ကျိုးအတွက်ပဲ ကြည့်ရသူတွေပါ။ ရသမျှယူမည်၊ ပေးသမျှယူသည်၊ မက်မောတွယ်တာမှုကြောင့် မရရင်တိုက်သည်။ ဒါ့အပြင် နည်းမျိုးစုံနှင့် ညစ် ပတ်ကြပါသေးသည်။

မြန်မာ့သမိုင်းတွင် နန်းလုပွဲတွေ များစွာဖြစ်ခဲ့သည်။ ဖခင်ကိုသတ်၊ အစ်ကိုကိုသတ်၊ ဆွေ မျိုးတွေကိုသတ်ပြီး ဘုရင်ဆိုတဲ့ အာဏာရဖို့အတွက် လုပ်ဆောင်ခဲ့ကြသည်။

အလောင်းစည်သူမင်းတရားကြီးကို သားတော်နရသူက ရွှေဂူကြီးဘုရားထဲမှာပင် ခေါင်း အုံးဖြင့်ဖိပြီး ကွပ်မျက်ခဲ့သည်ဟု အဆိုရှိသည်။ နရသူသည် မင်းစည်းစိမ်အတွက် ဖခင်ရော အစ်ကိုတွေပါ သတ်ခဲ့သည်။

စစ်အာဏာရှင်ဟု အမည်ဆိုးရခဲ့သော ဟစ်တလာသည် မိမိသြဇာအာဏာအတွက် ဂျူး လူမျိုးပေါင်းများစွာကို သတ်ဖြတ်ခဲ့သည်။

မြတ်စွာဘုရားရှင် လက်ထက်တော်က ဆရာတင်မှားခဲ့သော အဇာတသတ်မင်းမှာ ထီး နန်းအတွက် ဖခင်၏ ခြေဖဝါးကို ဓားနှင့်ခွဲခဲ့သည်။

သူ၏ ဆရာဖြစ်သော ဒေဝဒတ်မှာလည်း ဘုရားရှင်အား အနားယူတော်မူပါ။ သူကသာ ဘုရားလုပ်ပြီး သံဃာတော်တွေကို အုပ်ချုပ်မည်လို့ တောင်းဆိုခဲ့ပါသေးသည်။

## (၅)

လောကကြီးတွင် လူမိုက်နှင့်လူလိမ္မာ၊ ပညာရှိနှင့် ပညာမဲ့၊ စွန့်လွှတ်သူနှင့် သိမ်းပိုက် သူတို့ အမြဲရှိနေသည်။

ကောသလမင်းအိပ်မက်တွင် ပါဝင်သော ကျောက်ဖျာကြီး ရေထဲပေါ်ပြီး

စာဖူးတောင်းများ ရေမြုပ်နေသောခေတ်သည် တဖြည်းဖြည်း ဖြစ်လာနေသည်။

စွန့်လွှတ်သူများက မိမိအကျိုးမမျှော်ကိုးဘဲ ပေးဆပ်နေခြင်းကြောင့် တဖြည်းဖြည်း နောက်တန်းရောက်လာရသည်။ သူမိုက်တို့ကတော့ အင်နှင့်အားနှင့် အရှိန်ရလာကြသည်။

မည်သို့ပင်ဆိုစေ စွန့်လွှတ်သူများက ငြိမ်းချမ်း၍ နေလောက် သိမ်းပိုက်ချင်သူများကတော့ ပူလောင်နေရသည်။

**(၆)**

"ပါသေးဆရာရေ၊ တစီကိုယ်ရေပဲ"

ကျွန်တော် အောက်ကို ခြေကျစ,ရှိသေး ကားကတော့ အတင်းဆွဲထွက်သွားသည်။

"ဟူး . . တော်သေးတာပါ၊ ဒီခရီးလေး ထိုင်လိုက်ရလို့၊ နို့မို့ဆို ခြေလျှင်ပြန်ရမှာနဲ့ ကားပေါ်မှာ မတ်တတ်ရပ်လိုက်ရလို့ညောင်းတာနဲ့မလွယ်ဘူး" ဟု ကျွန်တော့်စိတ်ထဲက တွေးဖြစ် သည်။

ကျွန်တော် လမ်းလျှောက်လာသော်လည်း ကားပေါ်က လူငယ်မျက်နှာနှင့် အဘမျက် နှာကိုပဲ မြင်နေရပြန်ပါသည်။

လူငယ် ဖယ်ပေးလိုက်ရသည့် တစ်နေရာ၊ စွန့်လွှတ်လိုက်သည့် တစ်နေရာ။ ဒီနေရာ ဟာ အချိန်မည်မျှကြပါမည်နည်း။ ခရီးမည်မျှ ပိုဝေးပါမည်နည်း။ ဤသည်မှာ မိုင်ထောင်ပေါင်း များစွာ သွားနေတာဖြင့် မဟုတ်သေး။

လမ်းကြောင်းပေါ်က တစ်ခဏမျှသာ တစ်နေရာ။

ဩော် . . ကျွန်တော်ကတော့ဖြင့် တစ်နေရာလေးကို သိမ်းပိုက်ထားချင်စိတ်က များနေ တာပါလား။

*

## ဖိနပ်ပျောက်ခြင်းသည် အနာဂတ်ကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပါသည်
## (၁)

“ဟိုက်. . .သွားပြီဟ”

ကျွန်တော် အထိတ်တလန့်ဆိုတော့ မိန်းမဖြစ်သူက ကျွန်တော့်ကို ကြည့်ပြီး မေးတယ်။

“ဘာဖြစ်တာလဲ”

“ဖိနပ်မရှိတော့ဘူးဟ”

“ဟင် . . .ဟုတ်ပ့ါ၊ ဒီနားမှာ အတူတူချွတ်ထားတာပါ”

“ဟုတ်တယ်လေ၊ အစ်ကို့ဖိနပ် မရှိတော့ဘူး”

သူက ဘုရားကနေ လမ်းကို လှမ်းကြည့်တယ်၊ လမ်းပေါ်မှာ ဘယ်သူမှမရှိတော့။

“ခုနကောင်လေးတွေကတော့ အများကြီးပဲ၊ သူတို့ပဲဖြစ်မယ်”

“ဟုတ်မှာပေ့ါလေ၊ ဒါဘဲရှိတာကို”

ကျွန်တော်တို့မိသားစု ရုံးပိတ်ရက်မို့ ဘုရားသို့ စောစောထွက်လာခဲ့ခြင်းပင်။ ဘုရားကန် တော့၊ ငါးစာကျွေးပြီး ပြန်ဖို့အလုပ်မှာ ဖိနပ်ပျောက်သွားခြင်းပါ။ သမီးဖြစ်သူက သိချင်သည့်အ ရွယ်၊ စူးစမ်းချင်သည့် အရွယ်ဆိုတော့ သူကမေးလာပါတယ်။

“ဖိနပ်က ဘာလို့ပျောက်သွားတာလဲဟင်”

ခိုးသွားတာ ဆိုတဲ့စကားကို ကျွန်တော်မပြောချင်ပါ။

"အဖေ့ဖိနပ်ကို ယူသွားလို့ပေါ့ သမီးရဲ့"

"ဘာလို့ အဖေဖိနပ်ကို ယူသွားရတာ လဲ"

"သူတို့မှာ မရှိလို့နေမှာပေါ့ သမီးရဲ့"

"သူတို့က ဘာလို့ ဝယ်မထားတာလဲ အဖေ"

အဲဒီ လိုနဲ့ သူ့မေးခွန်းတွေကို စိတ်ရှည်ရှည်ဖြေရင်း ဘုရားကနေ ပြန်ခဲ့ပါသည်။

ကျွန်တော်ကတော့ ခြေပြောင်နဲ့ပေါ့။

## (၂)

တစ်ခါတုန်းက မဟတ္တမဂန္ဒီ ရထားစီးလာစဉ် ဖိနပ်တစ်ဖက်က ကျွတ်ကျန်ခဲ့တယ်တဲ့။ အဲဒါနဲ့ ကျန်တစ်ဖက်ကို ကပျာကယာချွတ်ပြီး ကျန်ခဲ့တဲ့ဖိနပ်နဲ့ အနီးဆုံးနေရာကို ပစ်ချလိုက် တယ်တဲ့။

ပါလာတဲ့အဖော်က ဘာလုပ်တာလဲမေးတော့ "ဖိနပ်တစ်ဖက်ကို ကောက်ရသူက တစ် ဖက်ကို ကောက်ရသူ တစ်ဖက်တည်းမို့ သုံးလို့မရသလို ငါလည်း သုံးမရဘူးလေ။ ဒီတော့ ကောက်ရသူ သုံးရအောင်သို့နောင်တစ်ဖက်ပါ ပစ်ချပေးလိုက်တာတဲ့။

ကျွန်တော်ကတော့ ပစ်ချစရာကိုမလိုပါ၊ နှစ်ဖက်လုံး ပေးလိုက်ရလို့လေ၊ ပြီးတော့ ဖိနပ်အ သစ်ဝယ်ဖြစ်သွားလို့ ကျေးဇူးတောင် တင်လိုက်ရဦးမယ်။

ဒါကိုပြောပြတော့ ပစ်ချစရာကိုမလိုပါ၊ နှစ်ဖက်လုံး ပေးလိုက်ရလို့လေ၊ ပြီးတော့ ဖိနပ်အ သစ်ဝယ်ဖြစ်သွားလို့ ကျေးဇူးတောင် တင်လိုက်ရဦးမယ်။

ဒါကိုပြောပြတော့ သူငယ်ချင်းတစ်ဦးက "အေးပေါ့ကွယ်၊ ဟိုဘဂကမင်း သူများဖိနပ်ခိုးခဲ့ လို့ ခု ပြန်ခိုးခံရတယ်လို့မှတ်ပေါ့၊ လှူလိုက်၊ ရေစက်ချလိုက်ပေါ့" တဲ့။

ဖြစ်နိုင်ပါသည်။ ဟိုဘဝတွေက သူများပစ္စည်းတွေကို ယူခဲ့မှာတော့ သေချာတယ်။ ကျွန် တော် ဖိနပ်တစ်ရန်ပျောက်လို့ စိတ်မညစ်ပါ။ သို့ပေမယ့် စိတ်မကောင်းပါ။ မြင့်မြတ်သောနေရာ တွင် အနိမ့်ဆုံးလို့ သတ်မှတ်ထားတဲ့ ဖိနပ်ပျောက်ခြင်းကြောင့် ခံစားမိရခြင်းဖြစ်ပါတယ်။

ဘုရားမှာတောင် သူတစ်ပါးပစ္စည်းကို လဲလှယ်ရဲတယ်၊ ခိုးယူရဲတယ်၊ ခိုးလိုစိတ် အကု သိုလ်စိတ်များက နေ့ညတောင်မရှောင်ဘဲ ပြု လုပ်ရဲလာကြပြီ။

ဒါနဲ့ ဆက်စပ်ပြီး တွေးမိတာက သောက်ရေအိုးစင်မှာ ကြိုးချည်ခံထားရတဲ့ ရေခွက်တွေ အကြောင်းပင်။ ဗုဒ္ဓဘာသာတိုင်းပြည်ကြီးမှာ ကုသိုလ်ပြုထားသော လမ်းဘေးရေချမ်းစင်က သောက်ရေခွက်တွေပင် လွတ်လပ်မှုမရှိတော့။

ပျောက်မှာ ကြောက်နေရကြရတယ်။ ကျွန်တော့်သမီးလေးသာ ဒါကိုမြင်ရရင် မေးမှာအ မှန်ပင်။

"အဖေ. . . သောက်ရေခွက်တွေကို ဘာလို့ ကြိုးချည်ထားရတာ လဲဟင်"

ကျွန်တော် သက်ပြင်းတွေ ခဏခဏချပြီး ဖြေရဦးမှာပင်။

## (၃)

ကျွန်တော်တို့ခပ်ငယ်ငယ်က ကျွန်တော်တို့မြို့မှာ ပွဲလမ်းသဘင်လုပ်ရင် ဈေးသည်တွေ က အပြိုင်ထွက်တယ်။ ညလုံးပေါက် ဈေးရောင်းရတော့ မနက်မိုးလင်းလို့ အိမ်ပြန်ရင် ပစ္စည်း ပစ္စယကို နိုင်သလောက်သာသိမ်းပြီး

ပြန်သွားကြသည်။

ပျော်ပွဲရွှင်ပွဲလုပ်တဲ့ ကွင်းပြင်ကြီးထဲမှာ စျေးသည်တွေ ပစ္စည်းတွေက တစ်ခါတစ်လေ နှစ်ရက်သုံးရက်အထိကြာပြီး ရှိနေတတ်သေးတယ်။ အဲဒီ ကွင်းပြင်ကြီးထဲမှာ ပိုင်ရှင်ပြန်လာမယူ မချင်း ဒီအတိုင်း ရှိနေသည်။

ပြီးတော့ ကျွန်တော်တို့မြို့၊ ရွာတွေမှာ ညဘက် အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ ထွက်အိပ် တတ်တယ်။ ဒီလိုမှမဟုတ်ရင် အိမ်တံခါးလေးဖွင့်ပြီး လေအေးအေးလေးနဲ့ အိပ်ကြတယ်။ ဒီလို ပဲအပြင်သွားစရာရှိရင် "အိမ်ကို ကြည့်လိုက်ဦးဟေ့" လို့ဘေးအိမ်ကို အော်ခဲ့ရင် ရပြီ။ စိတ်ချ လက်ချ သွားတော့။ ခိုးမှုဆိုတာတော်တော့်ကို ကြားရခဲပါတယ်။

ဖြတ်သန်းခဲ့တဲ့ နှစ် ၂၀ လောက်အကွာမှာတော့ ကိုယ့်အိမ်ကို ခြံကောင်းကောင်းကာရ တယ်။ ချမ်းသာတဲ့လူတွေကတော့ ခြံစောင့်ထားကြတယ်ပေါ့။ အပြင်တံခါးတစ်ချပ်၊ အတွင်း တံခါးတစ်ချပ် အထပ်ထပ်လုပ်၊ အထပ်ထပ်ပိတ် အခန်းတံခါးပိတ် ပြီးအိပ်ရတဲ့ခေတ် ဖြစ်လာခဲ့ တယ်။

အပြင်တစ်ခါသွားဖို့ အိမ်တံခါး၊ ပြတင်းပေါက်တံခါး၊ ခြံတံခါးတွေကို သေသေချာချာပိတ် ရတဲ့အပြင် နည်းနည်းလေးအဝေးရောက်တာနဲ့ ကိုယ့်အိမ်ကို လည်ပြန်လှည့်ကြည့်မိတတ်သေး တယ်။

ခေတ်တွေက ပြောင်းလဲလာပြီဆိုတာ ဒါတွေကိုပြောတာများလား။

## (၄)

ဒီနေ့လည်း ကျွန်တော်တို့မိသားစု ဘုရားကို ခပ်စောစော ထွက်လာလိုက်တယ်။ ဘုရား ကိုရောက်လို့ ဆိုင်ကယ်ပေါ်က ဆင်းပြီး ဖိနပ်ချွတ်မယ်

အလုပ်မှာ သမီးကပြောတယ်။

“အဖေ့ဖိနပ်ကို ဆိုင်ကယ်မှာညှပ်၊ တော်ကြာ ဖိနပ်ထပ်ပျောက်နေဦးမယ်” တဲ့

သူကတော့ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်တယ် ပြောရမလား။ ကိုယ့်ပစ္စည်းကို စောင့် ရှောက်တယ်လို့ပဲ ပြောရမလား မသိပေမယ့် ကျွန်တော့်စိတ်ထဲမှာ အတွေးက ထိတ်လန့်စွာဝင် လာတယ်။

ကျွန်တော့်သမီးက ၃-နှစ်သာ ရှိသေးတယ်။ ဒီလိုနုနယ်တဲ့ ကလေးစိတ်ထဲမှာ ဘုရား သွားရင် ဖိနပ်ပျောက်တတ်တယ်။ ဖိနပ်အခိုးခံရတတ်တယ်ဆိုတဲ့ အသိတွေ ဝင်သွားပြီလား။

ဒီအသိစွဲကြောင့် ကြီးလာတဲ့အခါ လူတွေကို သံသယစိတ်တွေနဲ့ မကြည့်နိုင်ဘူးလို့ မပြောနိုင်ပါဘူး။ လူတွေကို ယုံကြည်ဖို့ ခက်သွားပါလိမ့်မယ်။

အဲဒီ အခါ သူ့ဘဝအတွက် လုပ်ဆောင်မှုတွေဟာ ကောင်းတဲ့ဘက် ဦးတည်ဖို့ မဖြစ်နိုင် တော့ပါဘူး။ သူ့အနာဂတ်ဟာ လှပပါတော့ မလား။

သြော် . . .ကျွန်တော်ကပဲ စိုးရိမ်စိတ်ကြီးနေတာလားဗျာ။ ဒီလိုမှ မဟုတ်ရင်တော့ ဖိနပ် ပျောက်ခြင်းသည် အနာဂတ်ကို ဆိုးရွားစွာ ထိခိုက်နိုင်ပါသည်လို့ပဲ ဆိုပါရစေတော့ခင်ဗျာ။

*